truemoney

# TrueMoney Myanmar သည် မန်နေးဂျင်းဒါရိုက်တာ အသစ်အား မိတ်ဆက်ခဲ့သည်

**ရန်ကုန်၊ မြန်မာ၊ ၁၉ မတ် ၂၀၂၀။** ထိပ်တန်း Fintech ကုမ္ပဏီတစ်ခုဖြစ်သည့် TrueMoney Myanmar သည် Jessie Chong အား ၎င်း၏မန်နေးဂျင်းဒါရိုက်တာအသစ်အဖြစ် ခန့်အပ်ကြောင်း ဂုဏ်ယူစွာကြေငြာလိုက်ပါသည်။ အမျိုးမျိုးသော စက်မှုလုပ်ငန်း နယ်ပယ်အသီးသီးတွင် အောင်မြင်မှုမှတ်တမ်းနှင့် အတွေ့အကြုံရှိခဲ့သည့် Jessieသည် TrueMoney အား မြန်မာနိုင်ငံတွင် အောင်မြင်တိုးတက်မှုနှင့် ဆန်းသစ်တီထွင်မှုကို ပံ့ပိုးကူညီရန်အတွက် တမူထူးခြားသော နည်းဗျူဟာနှင့် ကျွမ်းကျင်မှုများ ကို ယူဆောင်လာမည်ဖြစ်သည်။

Jessie ဖြတ်သန်းခဲ့သည့် အသိအမှတ်ပြုထိုက်သော လုပ်ငန်းအတွေ့အကြုံများသည် သူမ၏ TrueMoney Myanmar ခရီးစဉ်တစ်လျှောက် အကောင်းဆုံးလမ်းညွှန်ပေးမည်ဖြစ်သည်။ Jessie သည် သူမ၏ စွန့်ဦးတီထွင်ကြံဆမှုနှင့် ဆန်းသစ် တီထွင်သည့်စိတ်ဓာတ်ဖြင့် Boozeat.com အားတည်ထောင်နိုင်ခဲ့သည်။ နောက်ပိုင်းတွင် သူမ၏ ကျွမ်းကျင်မှုများဖြစ်သော ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ ဒစ်ဂျစ်တယ်မားကတ်တင်း၊ e-commerce နည်းပညာနှင့် eWallet ဖွံ့ဖြိုးတိုးတက်ရေးတို့ကို Heineken နှင့် TrueMoney International ကဲ့သို့သော နိုင်ငံတကာကုမ္ပဏီကြီးများတွင် အဓိကကျသည့် ခေါင်းဆောင်မှု ရာထူးများဖြင့် တာဝန်ထမ်းဆောင်ပြသနိုင်ခဲ့သည်။

Jessie ၏ များစွာသော အတွေ့အကြုံနှင့် ဗျူဟာမြောက်သည့် အတွေးအခေါ်များသည် မြန်မာနိုင်ငံ၏ နက်နဲသော ဘဏ္ဍာရေးနှင့် စည်းမျဉ်းစည်းကမ်း အခင်းအကျင်းများအောက်တွင် သူမအား စံပြခေါင်းဆောင်တစ်ဦး ဖြစ်လာစေမည် ဖြစ်သည်။ သူမ၏ ဦးဆောင်မှုသည် TrueMoney Myanmar ၏ လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဒစ်ဂျစ်တယ် ငွေရေးကြေးရေးစနစ်တွင် ဆန်းသစ်မှုအားတိုးမြှင့်ရာတွင် အဓိက အရေးပါလာမည်ဖြစ်သည်။

TrueMoney Myanmar ၏ မန်နေဂျင်းဒါရိုက်တာအဖြစ် ခန့်အပ်ခြင်းမခံရမီကတည်းက Jessie သည် TrueMoney Malaysia ၏ မန်နေးဂျင်းဒါရိုက်တာတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နေခဲ့ပြီး ပြောင်းလဲမှုများစွာနှင့်အတူ သိသာထင်ရှားသည့် လုပ်ငန်းတိုးချဲ့မှုများအား လုပ်ဆောင်နိုင်ခဲ့သည်။ ယခုအခါ မလေးရှားနှင့် မြန်မာ နှစ်နိုင်ငံတွင် တာဝန်ယူထားသည့် Jessie သည် မတူညီသည့် ဈေးကွက်နှစ်ခုအကြား ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ပြီး TrueMoney ၏ ဈေးကွက်များအား ချဲ့ထွင်ရန် အသင့်ရှိနေပြီဖြစ်ပါသည်။

"TrueMoney Myanmar ၏ မန်နေဂျင်းဒါရိုက်တာအသစ်အဖြစ် Jessie ကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ်" ဟု TrueMoney ၏ မိခင်ကုမ္ပဏီဖြစ်သော Ascend Money Co., Ltd. မှ တွဲဖက်ဥက္ကဋ္ဌ Tanyapong Thamavaranukupt က ပြော သည်။ "မြန်မာနိုင်ငံရဲ့တဟုန်ထိုးတိုးတက်နေတဲ့ Fintech နယ်ပယ်မှာ ကျွန်တော်တို့ဟာ ဆက်လက်ပြီး တီထွင်ကြံဆမှုတွေနဲ့ ခြေလှမ်းတွေကိုချဲ့ထွင်နေတာဖြစ်လို့ Jessie၏ များစွာသော အတွေ့အကြုံများနှင့် မတူကွဲပြားတဲ့ ကျွမ်းကျင်မှုတွေက အဖိုးမဖြတ်နိုင်တဲ့ ရလာဒ်ကောင်းတွေ ဖြစ်လာမှာပါ။ Jessie ၏ ဦးဆောင်မှုအောက်တွင် TrueMoney Myanmar သည် အောင်မြင်မှုအထွတ်အထိပ်ဆီသို့ ရောက်နိုင်မယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။"

TrueMoney Myanmar မှ Jessie အား ခန့်အပ်မှုမှသည် မြန်မာနိုင်ငံ၏ Fintech ကဏ္ဍတွင် စွမ်းရည်ပြည့်ဝပြီး ဆန်းသစ်တီထွင်မှုများအား မွေးဖွားလာစေရန်ရည်ရွယ်သည့် TrueMoney Myanmar ၏ အလေးပေးဖော်ပြလိုသည့် ကတိကဝတ် ဖြစ်သည်။ သူမ၏ အမြော်အမြင်ရှိသော ဦးဆောင်မှုဖြင့် TrueMoney Myanmar သည် နိုင်ငံတစ်ဝှမ်းရှိ လူတစ်ဦးချင်းစီနှင့် စီးပွားရေးလုပ်ငန်းများကို အားကောင်းစေမည့် ဆန်းသစ်သော ငွေကြေးဖြေရှင်းနည်းများကို ပေးအပ်ရန် အသင့်ရှိနေပါသည်။

**TRUEMONEY MYANMAR COMPANY LIMITED**
No. (57), Pyay Road, 6.5 Mile (12 Ward),
Hlaing Township, Yangon.
**TEL: +95 (0) 9-969 519 999.**

TrueMoney Myanmar Co., Ltd. အကြောင်း

TrueMoney Co., Ltd. အား ၂၀၀၃ ခုနှစ်တွင် True Corporation မှ စတင်တည်ထောင်ခဲ့ပြီး ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ဒေသဆိုင်ရာရုံးချုပ်ကိုထားရှိ၍ ၂၀၁၅ တွင် Ascend Group ၏ တစ်စိတ်တစ်ပိုင်း ဖြစ်လာခဲ့သည်။ TrueMoney ၏ ခံယူချက်သည် ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများ ရရှိရန် အခက်အခဲရှိသူများ အတွက် ငွေကြေးဝန်ဆောင်မှုများ ရရှိစေနိုင်ရန်ဖြစ်သည်။ ခေတ်မီဆန်းသစ်သော နည်းပညာများဖြင့် ငွေကြေး ဝန်ဆောင်မှုများကို သုံးစွဲသူများအား ပေးအပ်နိုင်ရန် ဆောင်ရွက်နေသည့် TrueMoney သည် အရှေ့တောင် အာရှဒေသ၏ လူနေမှုအဆင့်အတန်းကို တိုးတက်မြင့်မားစေရန် ရည်ရွယ်သည်။

ဆက်သွယ်ရန်:
[Kong Seng Aung]
[Marketing Supervisor]
TrueMoney Myanmar
[09740851311]